ထိုင်းနိုင်ငံ တက္ကသိုလ်ရေးရာဝန်ကြီးဌာန ခွင့်ပြုချက်ဖြင့် စိန့်ဂျွန်တက္ကသိုလ်ကို ပဏာမဦးစွာ ၁၉၈၉-ခုနှစ် ဇန္နဝါရီလ (၅)ရက်နေ့၌ ကောလိပ်အဆင့်အဖြစ် ဖွင့်လှစ်ခဲ့ပါသည်။ တက္ကသိုလ်ရေးရာဝန်ကြီးဌာန၏ ကြီးကျပ်ကွပ်ကဲမှုအောက်၌ သာမန်ဘွဲ့ (Bachelor Degree)ကို ပေးအပ်နိုင်သော တက္ကသိုလ်တစ်ခုအဖြစ် တိုးမြှင့်သတ်မှတ်ပေးခြင်းကို ၁၉၉၆-ခုနှစ် မတ်လ(၁၉)ရက်နေ့တွင် ရရှိခဲ့ပါသည်။

တက္ကသိုလ်၏ အဓိကဆောင်ပုဒ်တွင် "ကိုယ်ကျင့်တရားကောင်းမွန်ခြင်းအားဖြင့် လူသားထုတစ်ရပ်လုံး၏ ဂုဏ်သရေကို ဖေါ်ဆောင်နိုင်သည်" (Vitrus Sola Nobitat)ဟု ရှင်းလင်းတိကျစွာ ဖေါ်ပြထားသည့်အတိုင်း စိန့်ဂျွန်တက္ကသိုလ်သည် ကျောင်းသူ/သား တစ်ဦးစီအား အကျင့်သီလစင်ကြယ်၍ ဗဟုသုတစုံလင်သောသူများအဖြစ် မွေးထုတ်ပေးရန် သန္နိဋ္ဌာန်ချမှတ်ထားပါသည်။

ယနေ့ စိန့်ဂျွန်တက္ကသိုလ်၌ ပညာသင်ကြားပို့ချပေးရာ ဌာနကြီး(၅)ခုရှိပါသည်။ ၄င်းတို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(၁) Faculty of Business Administration
(၂) Faculty of Communication Arts
(၃) Faculty of Liberal Arts
(၄) Faculty of Law
(၅) Faculty of Engineering

တက္ကသိုလ်ဝင်းအတွင်းရှိ သင်ကြားမှုအထောက်အကူပြုပစ္စည်းများနှင့် စီမံထားရှိမှုများကလည်း စိတ်ဘဝင်ကြည်နူးဘွယ်ရာအတိ ဖြစ်ပါသည်။ တက္ကသိုလ်စာကြည့်တိုက်တွင် ဖတ်စာအုပ်များ၊ စာအုပ်စာရင်းများ၊ စာနယ်ဇင်းများ၊ ကျမ်းကိုးများ နှင့် CD-ROMများ စုစုပေါင်း ၄၅၀၀၀ကျော် ရှိပါသည်။ ကွန်ပျူတာခန်း (၃)ခန်းနှင့် ကျောင်းသူ/သားများ မိမိတို့ကိုယ်တိုင် စိတ်တိုင်းကျ အသုံးပြုနိုင်သော အခန်း(၁)ခန်းရှိပြီး ၄င်းအခန်းများတွင် အသင့်အသုံးပြုနိုင်ရန် ကွန်ပျူတာ အလုံး(၁၀၀)ကျော် တပ်ဆင်ပေးထားပါသည်။ ကျမ်းမာရေးကုသမှုနှင့် နွမ်းနယ်မှုများကို ဖြေဖျောက်ပေးနိုင်ရန် ဆေးခန်းကိုလည်း ဖွင့်လှစ်ထားရှိပါသည်။ အားကစားပြုလုပ်နိုင်ရန် ဘတ်(စ်)ကက်ဘောကွင်း၊ ဘော်လီဘောကွင်း၊ ကြက်တောင်ရိုက်ကွင်းနှင့် စားပွဲတင်တင်းနစ်ခုံများကိုလည်း ထားရှိပါသည်။ ဖတ်စာအုပ်များနှင့် စာရေးကိရိယာ၊ တန်ဆာပလာများကို ရောင်းချပေးနေသော တက္ကသိုလ်စာအုပ်ဆိုင်လည်း ရှိပါသည်။

စိန့်ဂျွန်တက္ကသိုလ်သည် ဘန်ကောက်မြို့တွင် အချက်အချာကျပြီး သွားရေးလာရေး အလွန်လွယ်ကူသော နေရာတွင် တည်ရှိပါသည်။ ကိုယ်ပိုင်ကားများ အငှားယဉ်များဖြင့် လာရောက်နိုင်သကဲ့သို့ အများသုံးသယ်ယူပို့ဆောင်ရေး စနစ်များဖြစ်သော မိုးပျံရထား၊ မြေအောက်ရထားနှင့် လိုင်းကားများကို အသုံးပြု၍လည်း လာရောက်နိုင်ပါသည်။ မြေအောက်ရထားကို အသုံးပြုပါက

လမ်းလျှောက်၍လာနိုင်သော အကွာအဝေးတွင် တည်ရှိပြီး၊ ပဟိုရိုသင်လမ်းမကြီးနှင့် လတ်ဖေါင်းလမ်းမကြီးတို့မှ အငှားယဉ် (၅)မိနစ်ခန့် စီးနင်းလိုက်ပါရုံဖြင့် မိုးပျံရထားဂိတ်သို့လည်း ရောက်ရှိနိုင်ပါသည်။ တက္ကသိုလ်၏ အနီးဝန်းကျင်တစ်ဝိုက်တွင် ခေတ်မီကုန်တိုက်ကြီးများ၊ ပျံကျဈေးများ၊ စတိုးဆိုင်များ၊ လူနေအဆောက်အဦများ များစွာရှိပါသည်။

## English Program

ပုဂ္ဂလိကကုမ္ပဏီများနှင့် အများနှင့်သက်ဆိုင်သော အဖွဲ့အစည်းများ၏ ဈေးကွက်/လုပ်ငန်းရှာဖွေရေးကဏ္ဍများ၌ အလုပ်လုပ်ကိုင်လိုသော ကျောင်းသူ/သားများအတွက် အထူးရည်ရွယ်၍ အင်္ဂလိပ်ဘာသာအစီအစဉ်ကိုလည်း ဖွင့်လှစ်ထားရှိပါသည်။ ဤအစီအစဉ်တွင် ပညာသင်ယူခြင်းဖြင့် ဖန်တီးနိုင်စွမ်းရှိသော အကြံကောင်းများ ဖေါ်ထုတ်တတ်စေရန်၊ သတင်းအချက်အလက် ပြန်ကြားရေးနည်းစနစ်များကို စီမံခန့်ခွဲမှု ပြုလုပ်တတ်စေရန်၊ အခြေအနေအမျိုးမျိုးနှင့် ပြဿနာအမျိုးမျိုးတို့အား အသေးစိတ် လေ့လာဆန်းစစ်တတ်စေရန် တို့အတွက် အထောက်အကူပြုမည် ဖြစ်ပါသည်။ ၎င်းအပြင် အစဉ်ပြောင်းလဲနေသော အပြည်ပြည်ဆိုင်ရာလုပ်ငန်းခွင်တွင် နိုင်ငံခြားဘာသာစကားကို ကျွမ်းကျင်ပိုင်နိုင်စွာဖြင့် အသုံးပြုနိုင်မည် ဖြစ်ပါသည်။ ဤအစီအစဉ်တွင် တက်ရောက် ပညာသင်ယူသူများအား အင်္ဂလိပ်ဘာသာဖြင့်သာ သင်ကြားပို့ချလျက် ရှိပါသည်။